## ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ အတွင်း ပြုလုပ်မည့် Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ တက်ရောက်ရန် ကြေညာခြင်း

**ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ အတွင်း Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်မည့် တရားလွှတ်တော်ရှေ့နေအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ပြုသည့် အထက်တန်းရှေ့နေ (၄) ဦး၏ နောက်ဆက်တွဲအမည်စာရင်းအား ယနေ့ ထုတ်ပြန်ပါသည်။

အခမ်းအနားတက်ရောက်လိုသူများအနေဖြင့် ဝင်ကြေး၊ နှစ်စဉ်ကြေးနှင့် ကျပ်သုံးသောင်းတန် လွှတ်တော်ရှေ့နေတံဆိပ်ခေါင်းများကို ပေးဆောင်ရမည်ဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီ ဝင်ကြေးငွေကျပ် ၁၀၀၀၀/-၊ နှစ်စဉ်ကြေးငွေကျပ် ၅၀၀၀/- ကို တရားလွှတ်တော်ရှေ့နေများကောင်စီသို့ (၁၁-၁၁-၂၀၂၄) ရက်နေ့ မတိုင်မီ ငွေပေးသွင်းရပါမည်။ ထုတ်ပြန်ထားသည့်အမည်စာရင်းအား တရားလွှတ်တော်ရှေ့နေများကောင်စီသို့လည်း ပေးပို့ထားပြီးဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီသည် ကျပ်သုံးသောင်းတန် လွှတ်တော်ရှေ့နေ တံဆိပ်ခေါင်းများ ဝယ်ယူရန် ဘဏ်ဝန်ဆောင်မှု အခက်အခဲများကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ၍ **ကျပ်သုံးသောင်းတန် လွှတ်တော်ရှေ့နေတံဆိပ်ခေါင်းအား** မိမိအစီအစဉ်ဖြင့် ဝယ်ယူရမည်ဖြစ်ပါသည်။ လွှတ်တော်ရှေ့နေတံဆိပ်ခေါင်း ဝယ်ယူနိုင်ရေးအတွက် အကြောင်းကြားစာ လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနတွင် ထုတ်ယူနိုင်ပါသည်။

**အခမ်းအနားတက်ရောက်မည့်သူများသည် ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးမြင့်ထားပြီးဖြစ်သည့် အထက်တန်းရှေ့နေလိုင်စင်မူရင်း၊ ကျပ်သုံးသောင်းတန် လွှတ်တော်ရှေ့နေတံဆိပ်ခေါင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ငွေပေးသွင်းထားသည့်ပြေစာ၊ တက်ရောက်ခွင့်ပြုပါရန် လျှောက်လွှာကို ယခုကြေညာချက်ပါပုံစံဖြင့် ကွန်ပျူတာစာစီပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊**

ကိုယ်စားလှယ်ဖြင့်ဖြစ်စေ (၁၁-၁၁-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ လာရောက်အပ်နှံရမည် ဖြစ်ပါသည်။

မှတ်ချက်။ (၁) ပြည့်စုံစွာတင်ပြသူများကိုသာ အခမ်းအနားတက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

(၂) လိုင်စင်မူရင်းနှင့်အတူ ရက်သတ္တပတ်အတွင်း ရိုက်ကူးထားသော ဓါတ်ပုံ (၃) ပုံတစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်။ ဓါတ်ပုံသည် နောက်ခံအပြာရောင် (၁ လက်မ x ၁ လက်မခွဲ) ဖြစ်ရမည်-

(က) အမျိုးသားများသည် ရှပ်အင်္ကျီအဖြူပေါ်တွင် တိုက်ပုံအနက် ဝတ်ဆင်ပြီး ကြယ်သီးအပြည့်အစုံတပ်ရမည်။ ခေါင်းပေါင်း မဝတ်ဆင်ရ။ ရင်ထိုးတံဆိပ် တပ်ဆင်ခြင်း မရှိစေရ။

(ခ) အမျိုးသမီးများသည် ဆံပင်ထုံးဖွဲ့ထားပြီး အောက်ခံအဖြူရောင် အင်္ကျီပေါ်တွင်အပေါ်ထပ်အနက်ရောင်အင်္ကျီကို လည်ပင်းကြယ်သီး တပ် ဝတ်ဆင်ထားရမည်။ ရင်ထိုးတံဆိပ်တပ်ဆင်ခြင်း မရှိစေရ။

**ဤပုံစံပါ စဉ် (၁) မှ (၁၂) ထိအား**
**ကွန်ပျူတာဖြင့် ဖြည့်သွင်းရန်**

သို့

ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နေပြည်တော်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်မည့် အခမ်းအနားသို့ တက်ရောက်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်မည့် တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ **(၁၃)** ကြိမ်မြောက် အခမ်းအနားသို့ တက်ရောက်ခွင့်ပြုပါရန် တင်ပြလျှောက်ထားအပ်ပါသည် -

၁။ အမည် ---------------------------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------
၃။ လိပ်စာအပြည့်အစုံ ---------------------------------------------
---------------------------------------------
---------------------------------------------
၄။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် ---------------------------------------------
၅။ ဆက်သွယ်ရမည့် Email ---------------------------------------------
၆။ အဘအမည် ---------------------------------------------
၇။ လျှောက်ထားသူအသက် ---------------------------------------------
၈။ မွေးသက္ကရာဇ် ---------------------------------------------
၉။ လူမျိုး / ဘာသာ ---------------------------------------------
၁၀။ နိုင်ငံသား ---------------------------------------------
၁၁။ ပညာအရည်အချင်း ---------------------------------------------
၁၂။ ယခုအလုပ်အကိုင် ---------------------------------------------

လေးစားစွာဖြင့်

လက်မှတ် -
လျှောက်ထားသူအမည် -
အထက်တန်းရှေ့နေလိုင်စင်အမှတ် ( စဉ် - )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

စာအမှတ်၊ ၁၅၅၁ / ၂-၁ (စု-၄၇)/ ၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

**အကြောင်းအရာ။ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ လူကြီးမင်းအား တရားလွှတ်တော်ရှေ့နေများကောင်စီက တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် ထောက်ခံကြောင်း ပြန်ကြားလာ၍ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ၊ နည်းဥပဒေ-၈ (ပြင်ဆင်ပြဋ္ဌာန်းချက်) နှင့်အညီ တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ဝင်ကြေးနှင့် နှစ်စဉ်ကြေးကို **(၁၁-၁၁-၂၀၂၄) ရက်နေ့နောက်ဆုံးထား၍** ပေးဆောင်ရမည်ဖြစ်ပါသည်။

၂။ ကျပ်သုံးသောင်းတန် လွှတ်တော်ရှေ့နေတံဆိပ်ခေါင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနသို့ **(၁၁-၁၁-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍** ပေးဆောင်ရမည် ဖြစ်ပါသည်။

**မှတ်ချက်။ ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးမြှင့်ထားသည့် အထက်တန်းရှေ့နေ လိုင်စင်မူရင်းများအားလုံးကို တစ်ပါတည်း အပ်နှံရန် ဖြစ်ပါသည်။**

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
( ခင်ခင်ထွေး၊ ညွှန်ကြားရေးမှူး)

**ဦး/ဒေါ်---------------------------------**

-------------------------------------------

-------------------------------------------

-------------------------------------------

မိတ္တူကို

အတွင်းရေးမှူး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ နေပြည်တော်သို့ သိသာရန် ပေးပို့ပါသည်။

**၂၈-၁၀-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့သည့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ အတွင်း ပြုလုပ်မည့် Video Conferencing စနစ်ဖြင့် တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ တက်ရောက်ရန် နောက်ဆက်တွဲစာရင်း ကြေညာခြင်း**

| စဉ် | အမည် | လိုင်စင်အမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဒေါ်အိအိမြင့်လွင် | ၅၂၃၅၅ | မင်္ဂလာတောင်ညွန့် | |
| ၂။ | ဦးဒေးဗစ် | ၅၂၃၁၈ | ချမ်းမြသာစည် | |
| ၃။ | ဦးဗညားဇော် | ၅၁၂၅၃ | တာချီလိတ် | |
| ၄။ | ဒေါ်နော်ဂျူလီ | ၅၂၂၂၆ | ကြို့ပင်ကောက် | |